ရန်ကုန်လမ်းမများ





ရွေးကောက်ပွဲအလွန် . . .

# ဒီချုပ်အာဏာရ

(လက်သန်းဖျားပေါ်မှ ခရမ်းရောင်အိပ်မက်များ)

သစ္စာနီ

# ရန်ကုန်လမ်းမများ၏ အမှာစကား

(ကျွန်တော်တို့အရွယ်ရောက် လူလားမြောက်ခဲ့ရသော နှစ်ကာလ အပိုင်းအခြားတွေမှာ ၁၉၉၅ ခုနှစ်ဝန်းကျင်ခန့်မှ ယနေ့အချိန်ထိအောင် ပဲ ဆိုပါစို့ . . .) စာပေလောကထဲရှိ လူငယ်ကဗျာဆရာ၊ စာရေးဆရာများ စွာ တို့ဟာ သူ့ကို'ကိုရဲ'ဟု တရင်းတနှီးခေါ်လေ့ရှိကြပါတယ်။ သူဆိုတာ က ဆရာသစ္စာနီကိုဆိုလိုတာပါ။ တကယ်တော့ ကိုရဲဆိုတဲ့နာမည် အလွန် ယေဘုယျဆန်သော နာမည်မျိုးဖြစ်ကာ လူနာမည်တူတွေ များ လှပေမယ့် လည်း ကျွန်တော်တို့အဖို့မှာတော့ ကိုရဲဆိုသည်နှင့် ဆရာ့ မျက်နှာကိုသာ တန်းမြင်ယောင်သွားမိတတ်ပါတယ်။ အဲသလို ကျွန်တော်တို့အပေါ် လွှမ်းမိုး မှုကြီးမားသော ကိုရဲ (ဆရာသစ္စာနီ)ထံတွင် စာပေအနုပညာအပြင် အခြား အတုယူလောက်စရာ အရည်အချင်းတွေ ကလည်း မနည်းမနော . . .။ ကတိတည်ခြင်း၊ လူမှုဆက်ဆံရေးကောင်း ခြင်း၊ နိုင်ငံတကာအမြင်ရှိခြင်း၊ လူငယ်တွေအပေါ် အလွန်စေတနာထား ရှိခြင်း၊ ဘယ်သူ့ကိုမဆို လေးစား မှုနှင့် တန်းတူရည်တူဆက်ဆံတတ် ခြင်း . . . (စသဖြင့်). . .။

သို့သော် ဆရာ့ထံတွင် ထိုအချက်များရှိရုံနှင့် ယခုလိုရပ်တည်မှု မျိုး ရရှိသည်ကားမဟုတ် . . .။ ကျွန်တော့်အမြင်ပြောရင် ကိုရဲရေးသား ဖန်တီးသမျှသော ကဗျာ၊ ဝတ္ထုများ၊ စာပေအယူအဆပိုင်းဆိုင်ရာ ဆောင်းပါးများ၊ နိုင်ငံရေး ဝေဖန်သုံးသပ်ချက်များတွင် သူရင်ဆိုင် ဖြတ်သန်း နေရသည့်ခေတ်ကာလကြီးအား ပြောင်မြောက်စွာ ရိုထေ့

သရော်နိုင်မှုနှင့် သူ့ကိုယ်ပိုင် (Identity)ရှိမှုတို့က စာဖတ်သူများအပေါ် အဓိကဆွဲဆောင် လွှမ်းမိုးထားခြင်း ကိုဖြစ်စေတယ်လို့ထင်ပါတယ်။ (ဒါနဲ့ပတ်သက်ပြီး ဆရာ ဇော်ဇော်အောင်က သစ္စာနီရေးသော ကဗျာများတွင် သစ္စာနီ၏သြဇာကို သာ တွေ့ရှိရသည်. . . ဟု မှတ်ချက်ပြုခဲ့ပါတယ်။)

အဲဒီလို မြန်မာစာပေလောကမှာ နှစ်ပေါင်း လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်မျှ စာပေအနုပညာလက်ရာကိုပဲကြည့်ကြည့်၊ သူ့ရဲ့နိုင်ငံရေးရပ်တည်ချက်ကိုပဲကြည့်ကြည့်၊ အမှောင်ခေတ်ကြီးတစ်လျှောက်လုံးတွင်လည်း တောက်ပလင်းလက်သော အတွေးအခေါ်အယူအဆများအား အဓိကဖြန့်ဝေရေးသားခဲ့သူ တစ်ဦးဖြစ်သည့် 'သစ္စာနီ'လိုကလောင်တစ်ခု ကို ကျွန်တော်တို့ ရန်ကုန်လမ်းမများမှ စာဖတ်ပရိသတ်များနှင့် အထွေ အထူးမိတ်ဆက်ပေးရန် လိုအပ်မည်မထင်ပါ။

ယခုစာအုပ်တွင်မူ ကိုရဲ အရင်ရေးခဲ့ဖူးသမျှသော စာအုပ်မျိုး နှင့်မတူကွဲပြားသည့် ထူးခြားချက်တစ်ခု ရှိနေတယ်လို့ ယူဆမိပါတယ်။ အဲဒီထူးခြားချက်က တခြားမဟုတ်. . . ။ ပြီးခဲ့တဲ့ (၂၀၁၅၊ နိုဝင်ဘာ ၈ ရက်)နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အဖြစ် ပေါ်ထွက်လာတော့မည့် ပြည်သူ့အစိုးရတစ်ရပ်ကို ဒေါ်အောင်ဆန်းစုကြည်က မည်ကဲ့သို့ ဦးဆောင်ဖွဲ့စည်းသင့်သည်. . .၊ ဘယ်ကဲ့သို့အခြေအနေတွေဖြစ်ပေါ်လာနိုင်စရာ အလားသဏ္ဍာန်ရှိသည် . . . (စသဖြင့်) နိုင်ငံရေးဆိုင်ရာများအား ခန့်မှန်း၊ အကြံပေး၊ သုံးသပ်ဝေဖန်ချက်များအဖြစ် ဖတ်ရှုရမှာဖြစ်လို့ပါပဲ။

ကျွန်တော်တို့ ရန်ကုန်လမ်းမများအနေနှင့်ကား တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးစီးပွားကိုအခြေခံထားရှိသော ဆရာသစ္စာ

နီ၏သုံးသပ် ရေးသားချက်များအပေါ် သဘောကျနှစ်ခြိုက်သောကြောင့်လည်းကောင်း၊ ကျွန်တော်တို့နိုင်ငံ၌ နှစ်ပေါင်း (၆၀)ကျော်အတွင်း ပထမဆုံး ဖွဲ့စည်းခွင့် ရရှိတော့မည့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော လူထုအစိုးရ(အရပ် သားအစိုးရ)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်လည်းကောင်း . . . ယခုစာအုပ် အား စီစဉ်ထုတ်ဝေလိုက်ရပါကြောင်း . . .။

**စီစဉ်သူ**

**(ရန်ကုန်လမ်းမများ)**

*

## ( ၁ ) ရွေးကောက်ပွဲစစ်တမ်း

၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲသည် ခေတ်သစ်မြန်မာသမိုင်းတွင် သတ္တမမြောက်ရွေးကောက်ပွဲဖြစ်ကာ မဲပေးပိုင်ခွင့်ရှိသူ ၃၂ သန်းခန့်ရှိခြင်း၊ မြန်မာ နိုင်ငံတစ်ဝှမ်း မဲရုံ ၄၆,၀၀၀ ကျော်ရှိခြင်း၊ ပါတီပေါင်း ၉၂ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၆,၀၀၀ ကျော် ဝင်ရောက်ယှဉ် ပြိုင်ခြင်း စသည့်အချက်များကြောင့် အကြီးကျယ်ဆုံး ရွေးကောက်ပွဲတစ်ခု အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။

ကိုယ်စားလှယ်လောင်းဦးရေ အများဆုံးအဖြစ် NLD ခေါ် ဒီချုပ်ပါတီနှင့်ကြံ့ဖွံ့ပါတီတို့မှ ၁၀၃၀ စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ တစ်သီးပုဂ္ဂလ အနေနှင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၀၀ ကျော်ရှိသဖြင့် စံချိန်တင်ဦးရေဟု ပြောရပေမည်။ ရွေးကောက်ပွဲမကျင်းပမီက မဲစာရင်းအမှားကိစ္စ၊ ကြိုတင်မဲကိစ္စ စသဖြင့် မဲမသမာမှုများရှိလိမ့် မည်ဟုတွေးထင်ကာ ရွေးကောက်ပွဲကော်မရှင်အပေါ် အမြင်မကြည် လင်မှုများရှိသော်လည်း ထူးခြားစွာပင် ရွေးကောက်ပွဲသည် ငြိမ်းချမ်း အေးဆေးစွာပြီးစီးသွားသဖြင့် အိမ်နီးချင်းနိုင်ငံများကပင် အတုယူ ရမည်ဟု ချီးကျူးစကားဆိုကြသည်။ ပြည်သူလူထု၏နိုင်ငံရေး ရေချိန် မြင့်မားမှုကို ရွေးကောက်ပွဲဖြင့် ကောင်းမွန်စွာသက်သေထူပြနိုင်သည်။ မဲပေးမည့်သူများသည် အရုဏ်မတက်မီကပင် မဲရုံများ ဆီသို့ ကြိုတင်ရောက်ရှိနေကြကာ စနစ်တကျ စည်းကမ်းသေဝပ်စွာ မဲပေးခဲ့ကြသည်။ ပွဲအပြီး ရွေးကောက်ပွဲ

ကော်မရှင်၏ ထုတ်ဖော်ပြော ကြားမှုအရ ရွေးကောက်ပွဲနေ့တွင် မဲရုံအတွင်း မဲရုံအပြင် အမှုပေါင်း ၁၀၀ ကျော် ဖြစ်ပွားခဲ့သော်လည်း ထူးထူးခြားခြား ရုန်းရင်းဆန်ခတ် မဖြစ်ခဲ့ဟုဆိုသည်။ မဲရုံအတိုင်းအတာနှင့် တွက်ဆကြည့်လျှင် အမှု အခင်း နည်းပါးသည်ဟုဆိုနိုင်သည်။

နေရာအနည်းငယ်တွင် ကြိုတင်တွက်ဆထားသည့်အတိုင်း မဲမသမာမှုဟု ယူဆနိုင်သည့် အမှုအခင်းတစ်ချို့ရှိခဲ့သော်လည်း အများအားဖြင့် လွတ်လပ်စွာ မဲပေးခွင့်ရခဲ့ခြင်း၊ ပြည်သူလူထုလိုချင် သော အဖြေထွက်ပေါ်လာခြင်းတို့ကြောင့် အတိုက်အခံနိုင်ငံရေးပါတီ များထံမှရော ပြည်သူလူထုထံမှပါ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် မကောင်းသတင်းအသံများ တိတ်ဆိတ်၍သွားလေသည်။ ဒေါ်အောင် ဆန်းစုကြည်ကိုယ်တိုင်ကပင်လျှင် ''ယခုရွေးကောက်ပွဲသည် အပြည့် အဝ တရားမျှတမှုရှိသည်ဟု မဆိုနိုင်သော်လည်း လွတ်လပ်မှုရှိပါ သည်''ဟု သုံးသပ်ပြောကြားခဲ့လေသည်။

အားလုံးသိကြသည့်အတိုင်းပင် ရွေးကောက်ပွဲရလဒ်ထွက် ပေါ်လာသောအခါ NLD က လွှတ်တော်သုံးရပ်ပေါင်း ၈၀၀ ကျော် ၉၀၀ နီးပါး အနိုင်ရကိုယ်စားလှယ်များဖြင့် ဦးဆောင်ကာ အစိုးရ ဖွဲ့နိုင်သည့် အခြေအနေရှိနေလေသည်။ ရွေးကောက်ပွဲမကျင်းပမီက အားတက်သရော ကြိမ်းဝါးထားသည့် (၃၀၀ ကျော် အနိုင်ရကာ သူကိုယ်တိုင် သမ္မတတက်လုပ်မည်ဆိုသည့်)ကျော်စွာစိုး၏ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် သမ္မတ၏အကြံပေး နေဇင်လတ်ဦးစီးသည့် အမျိုးသားတိုးတက်ရေးပါတီတို့မှာ မဲဆန္ဒနယ် တစ်နယ်မှ မနိုင်သည်ကို တွေ့ရသည်။ NLD ဒီချုပ်ပါတီကား ထင်မှတ်ထားသည်ထက်ပို၍ အောင်နိုင်ခဲ့သည်။ ၈၀ ရာခိုင်နှုန်းကျော် အောင်ပွဲခံနိုင်ခဲ့သည်။ မကွေးတိုင်းတွင်ရှိသည့် မဲဆန္ဒနယ် ၈၈ နယ် လုံး ဒီချုပ်က

အနိုင်ရခဲ့သည်။ ကောလင်းတွင် ကြံ့ဖွံ့ပါတီ (ဘဲဥမကွဲ) တစ်မဲမှမရ။

ထူးခြားသည့် မှတ်သားဖွယ်ကိစ္စတစ်ချို့မှာ -

ဒီချုပ်ကိုယ်စားလှယ်များတွင် မစွမ်းမသန်သူကိုယ်စားလှယ် တစ်ဦး ရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး အုတ်ဖို မြို့နယ်မှ အသက် (၄၁)နှစ်အရွယ်ရှိ ကိုစောသူရအောင်ဖြစ် သည်။ ယင်းမှာ မြန်မာနိုင်ငံတွင် မသန်စွမ်းလူငယ်များအတွက်လည်း တန်းတူညီမျှ အခွင့်အရေးရှိသည်ဟု ထုတ်ဖော်ပြသရာရောက်သဖြင့် ဂုဏ်ယူဖွယ်ဟု ဆိုရပေမည်။ ထို့ပြင် ကိုစောသူရအောင်သည် မုန်းအောင်အမည်ဖြင့် ကဗျာရေးသူဖြစ်နေ၏။ ၂၀၁၅ ရွေးကောက် ပွဲတွင် ဒီချုပ်မှ ဝင်ရောက် ယှဉ်ပြိုင်ကာ အနိုင်ရကြသူများထဲတွင် (ယခုသိရသလောက်) ကဗျာဆရာ ၁၁ ဦး (ငြိမ်းသစ်၊ မောင်တင် သစ်၊ မောင်လွင်မွန်-ကသာ စ သဖြင့်)ပါဝင်နေခြင်းဖြစ်ရာ ကမ္ဘာပေါ် ရှိ လွှတ်တော်များတွင် ကဗျာဆရာအများဆုံးလွှတ်တော်ဟုမှတ်တမ်း ဝင်လိမ့်မည်ထင်သည်။

ပြည်ပရောက် (စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား စသဖြင့်) မြန်မာနိုင်ငံများသားကလည်း ဤရွေးကောက်ပွဲတွင် ဘယ်တုန်းကမှနှင့် မတူအောင် အားတက်သရော တက်တက်ကြွကြွ ပါဝင်မဲပေးခဲ့ကြသည်။ မဲပေးဖို့အတွက် လမ်းပေါ်တွင် ညအိပ်စောင့် ကြသည်အထိ စိတ်အား ထက်သန်ကြသည်။ စင်ကာပူမှ Fly to Vote အဖွဲ့ဟု အမည်ပေးကာ ၁၅၇ ဦးက လေယာဉ်စီးလုံးငှား ပြန်လာကာ မဲပေးကြသည်။ ပြည်ပနိုင်ငံများတွင် ကြိုတင်မဲပေးကြ ကတည်းက ဒီချုပ် (NLD) က အောင်ပွဲရခဲ့သည်။

ထူးခြားချက်တစ်ချို့မှာ -

ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲရက် (နိုဝင်ဘာ ၇ ရက်၊ ၈

ရက်)များတွင် ရန်ကုန်တိုင်းအတွင်းရှိ ဘီယာဆိုင်၊ အရက်ဆိုင်၊ ကာရာအိုကေ ဆိုင်နှင့် အနှိပ်ခန်းများကို အမိန့်ထုတ် ကာ ပိတ်ရန်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ပြည်သူများ အနှောင့် အယှက်ကင်းကင်း မဲပေးနိုင်ရန်ဖြစ်သည်။ တစ်ချို့ကုမ္ပဏီနှင့် ဈေးဝယ်စင်တာကြီးများကလည်း (တကယ်တမ်းတွင် ပိတ်ရက်မရှိ) ဝန်ထမ်းများ မဲပေးနိုင်ရန် တနင်္ဂနွေ (မေ ၈ ရက်)ကို ပိတ်ပေးခဲ့ကြ သည်။ မထသ(ဗဟို)ကလည်း ရွေးကောက်ပွဲနေ့တွင် ရန်ကုန်မြို့ အတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များ၊ ယာဉ်မတော် တဆမှုမဖြစ်စေရန် သတိနှင့်မောင်းနှင်ကြဖို့ ညွှန်ကြားထားကာ ထိုနေ့တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ မဲပေးနိုင်ရန် အလှည့်ကျတာဝန်ထမ်းဆောင်ဖို့ စီစဉ်ပေးခဲ့၏။ (ရန်ကုန်တွင် ခရီး သည်တင်ယာဉ် ၄,၀၀၀ ကျော် နှင့် စပါယ်ယာနှင့် ဒရိုင်ဘာ ၁၄,၀၀၀ ကျော်ရှိသည်။)

ရွေးကောက်ပွဲနေ့တွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်း များ မပြတ်တောက်စေရန် ထိန်းသိမ်းမည်ဟု (အမ်ပီတီ၊ တယ်လီ နောနှင့် အော်ရီဒူး)အော်ပရေတာသုံးခုလုံးကပင် ကြိုတင်ကြေညာ ထားသည်။ ရွေးကောက်ပွဲအပေါ် လူထုလူတန်းစားပေါင်းစုံနှင့် အဖွဲ့အစည်း အသီးသီးက အလေးအနက်တန်ဖိုးထားကြောင်း ပြဆို ချက်ဖြစ်သည်။

တခြားအဖြစ်အပျက်တစ်ချို့မှာ -

ဒီချုပ်မှ ကိုယ်စားလှယ်လောင်း နိုင်ငံလင်း မဲဆွယ်စည်းရုံး ရေး ခရီးလှည့်လည်စဉ် (သာကေတမြို့နယ် အောက်တိုဘာ ၂၉) ဓားဖြင့်တိုက်ခိုက်ခံရခြင်း(ဆေးရုံတက်ကာ ကုသမှုခံယူခဲ့ရသည်။)

ဒီချုပ်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သည့် (စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ) ဦးစိုးမြင့် (အသက် ၅၄ နှစ်)သည် နိုဝင်ဘာ ၆ ရက် မွန်းတည့်

၁၂ နာရီက စည်းရုံးမဲဆွယ်ရန် လှည့်လည်နေစဉ် ကားပေါ်မှာ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်း။

ဒိတ်ဒိတ်ကြဲတစ်ခေတ်က နိုင်ငံရေးသမားကြီးများဖြစ် သည့် ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့၏ သားသမီးများဖြစ်သော ဒေါ်သန်းသန်းနု၊ ဒေါ်ချိုချို ကျော်ငြိမ်းနှင့် ဒေါ်နေခြည်ဗဆွေတို့ ရွေးကောက်ပွဲဝင်ရာ၌ ရှုံးနိမ့်ခြင်း၊

မဲလက်မှတ်ရိုက်နှိပ်သည့် စက္ကူမှာ အဝါရောင်ဖြစ်နေသဖြင့် ဒီချုပ်တံဆိပ်ပါ ကြယ်ဖြူမှာ ကြယ်ဝါဖြစ်နေခြင်း၊

ရွေးကောက်ပွဲမတိုင်မီ ယတြာချေသည်ဟု သတင်းကြီး သည့် အထင်ကရစေျးကြီးများ ခေါင်မိုးပေါ်တွင် ကျောက်ဖရုံသီးများ တင်ထားသည်ကိုတွေ့ရခြင်း၊

သမ္မတကြီးဦးသိန်းစိန်သည် နေရာက'မဆင်းရ'အောင်ဟု 'မဆင်း'ဟု အများက အသံထွက်ခေါ်ဝေါ်နေသော 'မဇင်း'ဆည်သို့ သွားရောက်ကြည့်ရှုခြင်း

စသည့် အမှတ်ရဖွယ်ကိစ္စများ ဖြစ်ပေါ်ခဲ့လေသည်။

*

## ( ၂ ) ခရမ်းရောင်လက်သန်းတော်လှန်ရေး

၂၀၁၅ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သော အထွေထွေ ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုဝင်ဘာလ ၂၀ ရက်နေ့မှာ အပြီးသတ် အနိုင်အရှုံး စာရင်းထုတ်ပြန်ခဲ့သည်။ ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် အကြီး ကျယ်ဆုံးရွေးကောက်ပွဲဟု ဆိုနိုင်သော ထိုရွေးကောက်ပွဲကို ပါတီ ပေါင်း ၉၂ ပါတီမှ လူ ၆,၀၀၀ ကျော်က ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ် ခံကြသည်။ မဲပေးနိုင်သူဦးရေ ၃၂ သန်းခန့်ရှိသည့် အနက် တက်ကြွစွာ ၈၀ ရာခိုင်နှုန်းကျော် မဲပေးခဲ့သည်ဆိုသည့်အတွက် မြန်မာနိုင်ငံသား များ၏ နိုင်ငံရေးတက်ကြွနိုးကြားမှုကို ကမ္ဘာကပင် အံ့သြခဲ့ကြသည်။ နောက်ဆုံးထုတ်ပြန်သည် စာရင်းအရ။

အနိုင်အရှုံးစာရင်းအရ NLD ပါတီသည်

ပြည်သူ့လွှတ်တော် - ၂၂၅ ဦး

အမျိုးသားလွှတ်တော် - ၁၃၅ ဦး

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်- ၄၇၅ ဦးနှင့်

တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် - ၂၁ ဦး အနိုင်ရ ရှိရာ စုစုပေါင်း ၈၈၆ ဦးရှိခဲ့လေသည်။ ရွေးချယ်ခံကိုယ်စားလှယ် ပေါင်း ၁၀၃၀ ဦးရေဖြစ်သည်။ သူနှင့် ဦးရေအတူတူ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သ ည့် ကြံ့ဖွံ့ပါတီကမူ စုစုပေါင်း ၇၆ နေရာက ရရှိခဲ့လေ သည်။

ရွေးကောက်ပွဲမဝင်မီက အပြောကြီးခဲ့သော ပါတီဝင် နှစ်သန်း ကျော်ရှိသည်ဆိုသည့် မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုး တက်ရေးပါတီ (ဥက္ကဋ္ဌက အင်တာဗျူးတွင် သူ့ပါတီမှ အယောက် ၃၀၀ ကျော် အနိုင်ရကာ သူကိုယ်တိုင် သမ္မတလုပ်မည်ပြောခဲ့၏)နှင့် သမ္မတ၏အကြံပေး နေဇင်လတ်ဦးဆောင်မည့် အမျိုးသားတိုးတက် ရေးပါတီတို့မှာ ဘဲဥပင်မကွဲပေ။ (တစ်ဦးမှ အရွေးချယ်မခံရ) ဦးခင် မောင်ဆွေ၊ ဦးသိန်းညွန့်၊ ဦးသုဝေတို့၏ပါတီများမှာလည်း ရှုံးနိမ့် ခဲ့သည်။ ယခင်က ဖဆပလထိပ်တန်း ခေါင်းဆောင်ကြီးများဖြစ် ကြသည်။ ဦးနု၏သမီး ဒေါ်သန်းသန်းနု၊ ဦးဗဆွေသမီး ဒေါ်နေခြည် ဗဆွေ၊ ဦးကျော်ငြိမ်းသမီး ဒေါ်ချိုချိုကျော်ငြိမ်းတို့လည်း အရွေးမခံရ။ နောက်မျိုးဆက်သစ်များက ဖဆပလခေါင်းဆောင်ဟောင်းများကို မသိကြတော့။

အဆိုးဝါးဆုံးမှာ USDP ခေါ် ကြံ့ဖွံ့ပါတီဖြစ်သည်။ ပါတီ ထိပ်တန်းခေါင်းဆောင်များ၊ ဗဟိုကော်မတီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဗိုလ်ချုပ်ကြီးများ အားလုံးလောက်နီးပါး ရှုံးနိမ့်ခဲ့ကြ သည်။ ဦးဘုန်းမော်ရွှေ၊ ဦးသာအေး၊ ဦးရဲမြင့်၊ ဦးသိန်းမောင်၊ ဦးဌေးဦး၊ ဦးနန္ဒကျော်စွာ၊ ဦးသိန်းဇော်၊ ဦးအောင်သိန်းလင်း၊ ဦးဝေလွင်၊ ဦးမြတ်ဟိန်း၊ ဦးရွှေမန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့် (နယ်လှည့်ပါးရိုက်ရဲသည်ဆိုသူ)၊ ဦးလှဆွေ၊ ဦးမြင့်လှိုင်(လယ်သမား များ ထမင်းတစ်နပ်လျှော့စားခိုင်းသူ)၊ ဦးကျော်ဆန်း အပါအဝင် အတော်များများ ရှုံးနိမ့်ခဲ့ကြသည်။

ထူးထူးခြားခြား ဤရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလအဖြစ် အများဆုံး စံချိန်ဟုဆိုရအောင် ၃၂၀ ဝင်ရောက်ယှဉ်ပြိုင်ရာ ငါးဦးသာ အနိုင်ရခဲ့သည်။ နာမည်ကြီး ညိုညိုသင်းလည်း ဗဟန်းတွင်ရှုံးနိမ့် ခဲ့သည်။ စစ်တပ်က သတ်ဖြတ်ခြင်းကိုခံခဲ့ရသည့် သတင်းထောက် ကိုပါကြီး၏ဇနီး မသန္တာသည် အိမ်မဲမှ ဝင်ရောက်ယှဉ်ပြိုင်ရာ အနိုင် ရခဲ့

သည်။ အသက်အငယ်ဆုံး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပခုက္ကူမှ အသက် (၂၆)နှစ်သာရှိသေးသည့် ဇင်နီနီဝင်း၊ အသက် အကြီးဆုံးအဖြစ် ကျွန်းလှမှ အသက်(၇၁)နှစ်ရှိ ဦးထွန်းမြင့်တို့ကို မှတ်တမ်းတင်ရမည်။ NLD မှ သူ့တစ်ဦးတည်းလက်ခံသဖြင့် ဝင် ရောက်ယှဉ်ပြိုင်ခဲ့သော ၈၈ ငြိမ်းပွင့်မှ ပြုံးချိုသည်လည်း ဒေါပုံနယ် မြေမှာ အနိုင်ရခဲ့သည်။

ကြံ့ဖွံ့ပါတီဌာနချုပ်ရုံးစိုက်ရာ နေပြည်တော်ဒက္ခိဏသီရိ မြို့နယ်၌ NLD နိုင်သည်။ မကွေးတိုင်း၊ တနင်္သာရီတိုင်းတို့တွင် နယ်မြေလုံးကျွတ် အနိုင်ရခဲ့သည်။ ကောလင်းတွင် ကြံ့ဖွံ့တစ်မဲမှမရ ခဲ့။ သို့သော် ကိုးကန့် ဒေသတွင် ကြံ့ဖွံ့ပါတီကသာ နယ်မြေအားလုံး အနိုင်ရခဲ့ခြင်း၊ ဇီးကုန်း၊ ရ မည်းသင်းလိုဒေသများတွင် (ဉာဏ်ထွန်း၊ ဉာဏ်ဝင်း၊ ခင်အောင်မြင့်) ကြံ့ ဖွံ့ပါတီအောင်ပွဲခံခဲ့ခြင်းတို့ကို အနိုင်ရ ပါတီအနေဖြင့် ပြန်လည်ဆန်းစစ် သင့်သည်။ ဘာကြောင့် မထိုး ဖောက်နိုင်သနည်း။ အဖြေရှာ ကုစားဖို့လို နေလေသည်။

၂၀၁၅ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၆၀၀ ကျော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကိုယ်စားလှယ် ၁၃၀ အနိုင်ရခဲ့၏။ (ဒီချုပ် မှ ၁၂၀ ခန့် ပါဝင်သည်) ထို့ကြောင့် ၂၀၁၆ လွှတ်တော်သစ်က သမိုင်းတွင် အမျိုးသမီးကိုယ်စားလှယ်အများဆုံး ပါဝင်သော လွှတ်တော်အဖြစ် မော်ကွန်းဝင်ပေလိမ့်မည်။ ထို့အတူ ကဗျာဆရာ ၁၁ ဦးပါဝင်သည့် လွှတ်တော်အဖြစ်လည်း မှတ်တမ်း တင်ရမည်ထင် ပါသည်။

ကုလသမဂ္ဂအပါအဝင် အိမ်ဖြူတော်နှင့် နိုင်ငံတကာအသိုင်း အဝိုင်း မှပင် NLD ၏ အောင်နိုင်မှုကို အသိအမှတ်ပြုကာ ချီးကျူး စကားပြော ကြားကြသည်။ NLD က ပြည်သူ့လွှတ်တော်အမျိုးသား လွှတ်တော်တို့

တွင် ဒုသမ္မတတစ်ဦးစီတင်ရအောင် တစ်ဝက်ကျော် အနိုင်ရခဲ့ရုံမက ပြည်ထောင်စုလွှတ်တော်တွင်လည်း စိတ်ကြိုက် သမ္မတကို ရွေးချယ်နိုင်လောက်သောအခြေအနေ တပန်းသာခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီက ကြံ့ဖွံ့ပါတီတာဝန်ရှိသူတစ်ဦးက ကြိမ်းသေပေါင်နိုင်ရမည်ဟု (တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ရှိနေသဖြင့် ၂၆ ရာခိုင်နှုန်းရရုံနှင့် အစိုးရဖွဲ့နိုင်ဖို့ သေချာနေသည်) တစ်နိုင်ငံလုံးလေးပုံသုံးပုံနိုင်မည်ဟု တထစ်ချပြောဆိုနေခဲ့သော စကားများသဲထဲရေသွန်ဖြစ်အောင် ဘာကြောင့် NLD အပြတ် အသတ်အနိုင်ရကာအောင်ပွဲခံခဲ့ပါသနည်း။ တွက်ဆကြည့်လျှင် ခက်ခဲလှမည်မထင်ပါ။

သာမန်အားဖြင့်ကြည့်လျှင် ၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပခဲ့သည်မှာ အထွေထွေရွေးကောက်ပွဲဟု မြင်စရာရှိသော် လည်း တကယ်တမ်းတွင် ၁၉၆၂ ကစ၍ နှစ်ပေါင်းငါးဆယ်ကျော် နိုင်ငံတော်ကိုစိတ်ရှိသလို ဗိုလ်ကျစိုးမိုးခြယ်လှယ်ကာ ပြည်သူလူထု အပေါင်းကိုဆင်းရဲတွင်းက မတက်နိုင်အောင် ဖိနှိပ်ချုပ်ချယ်ခဲ့သည့် စစ်ဘက်နှင့်စက်ဘက်အနွယ်တော်အုပ်ချုပ်သူတို့သမိုင်းကို အဆုံး သတ်နိဂုံးဘဝရောက်စေသည့် ပြည်သူလူထုတစ်ရပ်လုံး၏ သွေးထွက် သံယိုကင်းမဲ့သော ခရမ်းရောင်လက်သန်းတော်လှန်ရေးကြီးပင် ဖြစ် လေသည်။ မဲပေးနိုင်မည့် ၃၂ သန်းသော ပြည်သူတို့သည်လည်း ကောင်း၊ ကျန်မဲမပေးနိုင်သည့် အခြေအနေအရပ်ရပ်တွင်ရှိသော သန်း ၂၀ ကျော်သော ပြည်သူတို့သည်လည်းကောင်း၊ တခဲနက် တည်ရှိနေသော သူတို့ရင်ထဲမှဆန္ဒကို တညီတညွတ်တည်းထုတ် ဖော်ပြသလိုက်ခြင်း ဖြစ်လေသည်။ မဲဆွယ်စည်းရုံးစဉ်ကာလက သာသနာ့ဝန်ထမ်းရဟန်းများ၊ အရွယ်မရောက်သေးသည့် ကလေး များပါမကျန် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD ပါတီသို့ တက်ကြွစွာ အားပေးနေကြတာ တွေ့မြင်

နိုင်သည်။ တစ်နိုင်ငံလုံး NLD သင်္ကေတ အနီရောင်ဖုံးလွှမ်းသွားအောင် အားပေးကြသည် မှာ သူတို့ နှစ်ရှည်လများမျှော်လင့်စောင့်စားနေသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ တရားမျှတမှု၊ သာတူညီမျှမှု၊ ငြိမ်းချမ်းရေး စသည့် ကောင်းသော လောကပါလတရားများကို NLD ပါတီနှင့် ခေါင်း ဆောင်က အပြည့်အဝဖော်ဆောင်ပေးနိုင်သည် ထင်မှတ်ယုံကြည် နေကြသောကြောင့် ဖြစ်လေသည်။

ဒီချုပ်ပါတီကိုယ်တိုင် မမျှော်လင့်ထားလောက်အောင် အောင်ပွဲဆင်နိုင်ခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။ ဒေါ်အောင် ဆန်းစုကြည်က ရွေးကောက်ပွဲမတိုင်မီမှာပဲ အကောင်းဆုံးကို မျှော်လင့်ထားသလို အဆိုးဆုံးကိုလည်း မျှော်လင့်ထားပါသည်ဟုပင် ထုတ်ဖော်ပြောထားခဲ့သော စကားအရ လုံးဝအောင်မြင်ရမည်ဟု တထစ်ချ မှတ်ယူထားဟန်မရှိ။ သူ အစိုးရဖွဲ့နိုင်လောက်အောင် နိုင်ချင် ပါတယ်။ ဝင်ပြိုင်သမျှ နေရာတိုင်း နိုင်ချင်ပါတယ်။ တစ်ရာ ရာခိုင်နှုန်းနိုင်ချင်ပါတယ်ဟု ကြွေးကြော်ခဲ့သည်။ တိုင်းရင်းသားများ နှင့်အပြိုင် ပြည်နယ်များမှာပါ NLD ကိုယ်စားလှယ်များကို စေလွှတ် ၍ ယှဉ်ပြိုင်စေမည့်အတွက် အမြင်တိမ်းသူတစ်ချို့ရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ထံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဆိုတာ ဂုဏ်ပုဒ်သာမဟုတ် သူကိုယ်တိုင်ပင် အင်မတန်နာမည်ကြီးသော အောက်စဖို့ဒ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့်ဘွဲ့ရလာခဲ့သူ ပင်ကိုယ်အရည်အချင်းထူးချွန် ထက်မြက်သူဆိုသည့် အရည်အသွေးတွေရှိနေသည်။ ပြီးတော့ နိုင်ငံရေးစန်း၊ အများနှင့် သက်ဆိုင်သောကိစ္စများကို ဆောင်ရွက်နေ သူတိုင်း၌ (အဆိုတော်၊ ရုပ်ရှင်မင်းသားမင်းသမီးနှင့် တခြား အနုပညာရှင်များ) 'စန်း'လိုသည်။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံ ရေးစန်းက တောက်ပဆဲဖြစ်သည်ကို

သူမဲဆွယ်၍လှည့်လည်ခဲ့သည့် ခရီးစဉ်များတွင် လူတွေကြိုဆိုကြပုံကို အကဲခတ်သိရှိနိုင်သည်။ ဘယ်လိုမှ ထင်မှတ်မထားသော (သူ့ကို ဆန့်ကျင်ကြလိမ့်မည်ဟု ထင်ကြသော) ရခိုင်နှင့် ကယားတွင်ပင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခံခဲ့ ရသည်။ ရှေ့နှစ်ကာလများက ရခိုင်နှင့် ရိုဟင်ဂျာအမည်ခံ ခိုးဝင် ဘင်္ဂါလီများကိစ္စ၌ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားရေးထက် လူ့အခွင့်အရေးကို ရှေ့တမ်းတင်ခဲ့မှု၊ လက်ပံတောင်းတောင်စုံစမ်းရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ်နှင့် နအဖအစိုးရ၏ ဓားစာခံဖြစ်ခဲ့ရမှု၊ မြေ သိမ်းယာသိမ်းကိစ္စ အပါအဝင် တရားဥပဒေစိုးမိုးရေးကိစ္စများ၌ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ခဲ့မှု (သူမကိုယ်တိုင်က လွှတ်တော်တရားဥပဒေ စိုးမိုးရေးကော်မတီဥက္ကဋ္ဌ ဖြစ်ခဲ့သည်။) ကျောင်းသားသမဂ္ဂကိစ္စ၊ အမျိုးသားပညာရေးဥပဒေနှင့် ကျောင်းသား သပိတ်များအပေါ် ထောက်ခံရပ်တည်မှုအားနည်းခြင်း၊ မဘသအဖွဲ့ ၏ဖြိုခွဲမှုကြောင့် NLD ၏ဆန့်ကျင်ရေးမျိုးချစ်အဖွဲ့ ၉၆၉ အမည်ခံ အဖွဲ့များပေါ်ထွန်းလာခြင်း၊ နောက်ဆုံး ရွေးကောက်ပွဲကိုယ်စားလှယ် ရွေးချယ်ရေးနှင့်ပတ်သက်၍ ပါတီတွင်းပြဿနာ၊ ပါတီပြင်ပပြဿနာ (ဥပမာ- ပြင်ပပညာရှင်များနှင့် ၈၈ ငြိမ်းပွင့်အဖွဲ့ဝင်များ၏ ကိုယ်စား လှယ်လောင်းလျှောက်လွှာများကို ငြင်းပယ်ခဲ့မှု) စသည့် ပြဿနာကြီး များရှိခဲ့သည်မှန်သော်လည်း ရွေးကောက်ပွဲကာလနီးကပ်လာသော အခါ ထိုကိစ္စများကို မေ့လျော့ကာ လူထုက အပြောင်းအလဲကို လိုလားသောစိတ်ဖြင့် NLD ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ကြသည်။ NLD ၏ ရွေးကောက်ပွဲကြွေးကြော်သံဖြစ်သည့် ''အမှန် တကယ်ပြောင်းလဲဖို့ NLD ကို မဲပေးစို့''ဟူသော စကားကလည်း အပြောင်းအလဲကို ဝတ်မွတ်နေသော လူထုအား အပြည့်အဝ ဆွဲဆောင်နိုင်ခဲ့လေသည်။ ထို့ပြင် လူထုချစ်သော အနုပညာရှင် (ရုပ်ရှင်နှင့်

ဂီတ)သမားများ၏ လှည့်လည်ဖျော်ဖြေပွဲများဟာလည်း အတော်ပင် ထိရောက်ခဲ့သည်ကို တွေ့ရသည်။ နောက်တစ်ချက်မှာ ဂျာနယ်၊ သတင်းစာများ၏မီဒီယာ ထောက်ခံမှုအားဖြစ်သည်။ ပြည်သူပိုင်သတင်းစာ၊ ဂျာနယ်များနှင့် ကြံ့ဖွံ့ပါတီနှင့်ဆက်နွယ်မှု မကောင်းသည့် သတင်းစာ၊ ဂျာနယ်အနည်းငယ်ကလွဲ၍ ကျန် သတင်း၊ စာဂျာနယ်များသည် NLD ၏သတင်းများကို အစဉ်လိုက် အသားပေးဖော်ပြရာ ရွေးကောက်ပွဲမတိုင်မီ အတော်စောစောကပင် အခမဲ့ကြော်ငြာပေးနေ သကဲ့သို့ NLD ပါတီအတွက် ကြီးမားစွာ အမြတ်ထွက်ခဲ့သည်။

နောက်တစ်ချက်မှာ ပြိုင်ဘက်ပါတီ ကြံ့ဖွံ့၏ညံ့ဖျင်းမှုဖြစ် သည်။ ကြံ့ဖွံ့ပါတီကို လူထုက အစိုးရနှင့်တွဲကာ မြင်ထားသည်။ (ဟုတ်လည်းဟုတ်သည်။ ဦးသိန်းစိန်အစိုးရမှာ ကြံ့ဖွံ့ပါတီအစိုးရပင် ဖြစ်သည်။) ဦးသိန်းစိန်ခေါင်းဆောင်သောအစိုးရသည် ကောင်း မွန်သော အုပ်ချုပ်ရေးနှင့်သန့်ရှင်းသောအစိုးရဟု ကြွေးကြော်သံနှင့် ပွဲထွက်ကာ ဒီမိုကရေစီဆန်သော ပြုပြင်ပြောင်းလဲမှုများကို ကနဦးက လုပ်ဆောင်နိုင်ခဲ့သော်လည်း ဥပမာ- နိုင်ငံရေးအကျဉ်းသားများ လွှတ်ကာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးခဲ့ခြင်း၊ သတင်းမီဒီယာ များကို (စာပေစိစစ်ရေးဖျက်သိမ်းခြင်းဖြင့်) တစ်စုံတစ်ခုသော အတိုင်း အတာအထိလွတ်လပ်ခွင့်ပေးနိုင်ခဲ့ခြင်း စသည့် အကောင်းဘက် ယိမ်းညွတ်သည့်ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်အထူးသဖြင့် (၂၀၁၄-၂၀၁၅) ရွေးကောက်ပွဲနီးကပ် သောကာလများတွင် ချမှတ်ထားသော ဆင်းရဲသားပပျောက်ရေး စီမံကိန်းများကို ပီပြင်အောင် အကောင်အထည်မဖော်နိုင်ခြင်း၊ မြေသိမ်းယာသိမ်းကိစ္စ၊ တောင်သူလယ်သမားပြဿနာ၊ အလုပ် သမားပြဿနာ၊ ကျူးကျော်အိမ်ရာမဲ့ပြဿနာများကို မဖြေရှင်း နိုင်ခြင်း၊ လက်ပံတောင်းတောင်

စီမံကိန်းလိုက်စွမျိုး၊ ကျောင်းသား များ၏ လက်ပံတန်းသပိတ်ကိစ္စများကို အင်အားသုံးအကြမ်းဖက် ဖြိုခွင်းခြင်း၊ လက်ပံတောင်းသပိတ်စခန်းတွင် သံဃာတော်များ မီးဘေးသင့်ရခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေဖောင်းပွမှုများကို မထိန်းသိမ်းနိုင်ခြင်း၊ တစ်နိုင်ငံလုံးကြီးထွားလာသော လာဘ်ပေး လာဘ်ယူ အဂတိလိုက်စားမှုများကိုမဟန့်တားနိုင်ခြင်း၊ ကိုပါကြီး၊ ဒေါ်ခင်ဝင်းကဲ့သို့ တရားဥပဒေစိုးမိုးမှုကင်းမဲ့သည့်အဖြစ်များပေါ် ပေါက်လာကာ အစိုးရ၏ ရုပ်ပုံလွှာကိုပျက်စီးစေခြင်း စသည်ဖြင့် လူထုစိတ်ပျက်စရာ စွမ်းဆောင်ချက်များအပြင် သူ့အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကြံ့ဖွံ့ပါတီထိပ်တန်းတာဝန်ရှိသူများ၏ အနှစ်သာရ ကင်းမဲ့သော အပေါစားဆန်သောစကားများက ကြံ့ဖွံ့ပါတီအား လုံးဝ ပြိုဆင်းပျက်စီးအောင် စွမ်းဆောင်ခဲ့သည်ကို တွေ့ရှိရလေသည်။

ဘယ်ပြည်သူလူထုကမှ ထမင်းတစ်နပ်ထဲစားခိုင်းသူ၊ နယ် လှည့်ပါးရိုက်မည့်သူ၊ တစ်နေ့ ငွေ ၂,၀၀၀ လောက်အောင်သုံးခိုင်း သူ၊ ဘူးလက်(ကျည်ဆန်)နှင့် ခေါ်မည်ဆိုသူတွေကို အခွင့်သာခိုက် (ယခုလိုရွေးကောက်ပွဲကာလ၌) အုပ်ချုပ်ရေးအပိုင်းမှမောင်းထုတ်ဖို့ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်ခဲ့ကြသည်။ ထို့ကြောင့် အနှစ်နှစ် အလလက ရင်ထဲတွင် မျိုသိပ်ထားခဲ့သည့်ဆန္ဒများကို ထုတ်ဖော်ပြခဲ့ ကြသည့် ၂၀၁၂ ရွေးကောက်ပွဲသည် ပြည်သူတို့၏ဆန္ဒဖော်ထုတ်ပွဲ ပင်ဖြစ်သည်။ ပြည်သူများသည် သေနတ်တစ်ချက်မဖောက်၊ တက် တစ်ချက်မခေါက်ဘဲ၊ လက်သန်းထိပ်ဖျားကလေးကို ခရမ်းရောင် ဆေးကလေးစွန်းပေရုံဖြင့် သူတို့ မယုံကြည်သောအစိုးရကို အောင် မြင်စွာဖယ်ရှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြလေသည်။

*